# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
# ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
# ရုံးချုပ်၊ နေပြည်တော်

## လျှောက်လွှာခေါ်ယူခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် စိစစ်ရေးမှူး(၂) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၄၀)နေရာ လစ်လပ်လျက်ရှိပါသည်။ လစ်လပ်ရာထူး (၄၀)နေရာတွင် တက္ကသိုလ်များမှ ဘွဲ့ရရှိသူများအား ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တွင် ကနဦးလစာကျပ် ၂၁၆၀၀၀/- ဖြင့် အလုပ်သင်အဖြစ် စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်နှင့်တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသရုံးများ)တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံးပညာအရည်အချင်းမှာအောက်ဖော်ပြပါဘွဲ့တစ်ခုခုရရှိသူများဖြစ်ရပါမည်-

(၁) ဝါဏိဇ္ဇဘွဲ့ (B.Com)

(၂) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)B.Econ (Economics)

(၃) စီးပွားရေးပညာဘွဲ့(စာရင်းအင်း) B.Econ(Statistics)

(၄) စာရင်းကိုင်ပညာဘွဲ့ (B.Act)

(၅) စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့(B.B.A)

(၆) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)

(၇) ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S)

(၈) စီးပွားရေးသိပ္ပံဘွဲ့(B.B.Sc)

(၉) ဝိဇ္ဇာဘွဲ့(စီးပွားရေးသိပ္ပံ)(B.A(BS))

(ဂ) ၃၁-၁၂-၂၀၂၀ ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်စေရ။ နိုင်ငံ့ဝန်ထမ်းများအား အသက်(၃၀)နှစ်အထိခွင့်ပြုသည်။

(ဃ) ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်ထားသည့် စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်နှင့် ကိုက်ညီသူများသာ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စာစစ်ဌာနများတွင် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းကို ထပ်မံဖြေဆိုရမည်။ စာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- ပေးသွင်းရမည်ဖြစ်ပါသည်။ စာမေးပွဲဝင်ကြေး ပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD-010624 သို့ ငွေစာရင်းခေါင်းစဉ် ၈။ ၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ "၁။ ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၁၂။ ဆောင်ရွက်ပေးမှုအတွက်ရငွေများ"ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စိစစ်ရေးမှူး(၂) ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း" ဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။ နယ်မှ ပေးသွင်းသူများသည် Fax- ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၆။ လျှောက်လွှာတွင်-

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်(အသက်)

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်

(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန

(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့် ရက်စွဲ

(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ(မိဘနေရပ်)တို့ကို ဖော်ပြရမည်။

၇။ လျှောက်လွှာနှင့်အတူ

(က) ဝင်ကြေးပေးသွင်းသည့်ချလန်(မူရင်း)

(ခ) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) ရရှိသည့်ဘွဲ့နှင့် အမှတ်စာရင်းမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၅)ပုံ

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဇ) (၆)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း

(ဈ) (၆)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ထောက်ခံချက်မူရင်း

တို့ ပါရှိရမည်။

၈။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများကို စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ website www.mopfi.gov.mm နှင့် www.facebook.com/budgetdepartment တို့တွင် ရယူလျှောက်ထားနိုင်ပါသည်။

၉။ လျှောက်လွှာများကို နေပြည်တော်ကောင်စီနယ်မြေမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၂၆)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)သို့ လိပ်မူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများမှတစ်ဆင့် လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ မှတ်ပုံတင်စာပြုလုပ်၍လည်းကောင်း ၂-၂-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၁၀။ ဝန်ထမ်းများသည် ဌာနအကြီးအကဲခွင့်ပြုချက် လက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၁၅-၂-၂၀၂၂ ရက်နေ့နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်၊ လျှောက်လွှာမိတ္တူတစ်စောင်ကို ၂-၂-၂၀၂၂ ရက်နေ့နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်)၊ စီမံရေးရာဌာနစု (ဖုန်း-၀၆၇-၃၄၁၀၅၃၀)သို့ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။